# သတင်း ထုတ်ပြန်ချက်

ဈေးကွက်အတွက် အရေးပါသည့် အချက်အလက်များ
၂၀၂၃ ဇူလိုင် ၃ ရက် မြန်မာစံတော်ချိန် ၀၇၀၀ (UTC ၀၀၃၀) နာရီအထိ တားမြစ်ထားသည်

# S&P Global အာဆီယံ ကုန်ထုတ်လုပ်မှု PMI™

## ဇွန်လတွင် ထုတ်လုပ်ရေး အခြေအနေများ အနည်းငယ် တိုးတက်လာခြင်း

**အဓိက တွေ့ရှိချက်များ -**

ထုတ်လုပ်မှု တိုးလာမှု အားပျော့လာခြင်း

ထုတ်လုပ်မှုထဲက အလုပ်နေရာများ ကျဆင်းလာခြင်း

ငွေကြေးဖောင်းပွမှု ဖိအားပေးမှုများ အားပျော့လာခြင်း

ဒေတာကို ဇွန် ၁၂-၂၆ ရက်နေ့များတွင် စုစည်းခဲ့သည်

အာဆီယံ PMI နောက်ဆုံးဒေတာက ဇွန်လအတွင်း ဒေသတစ်ဝန်းက ထုတ်လုပ်မှု အခြေအနေများ အသင့်အတင့် တိုးတက်လာမှုကို ထောက်ပြနေသည်။ ထုတ်လုပ်မှုရော အော်ဒါအသစ်များပါ ဇွန်လတွင် တိုးလာခဲ့သည်။ သို့သော်လည်း စက်မှု ထုတ်လုပ်မှု ကြီးထွားလာမှုမှာ ခြောက်လအတွင်း အနိမ့်ဆုံးသို့ အားပျော့သွားချိန်တွင် စက်ရုံ အော်ဒါများမှာ မသိမသာ ပိုမြင့်သည့် နှုန်းဖြင့် တိုးတက်လာခဲ့ရာ အလားအလာများ ကွဲပြားလာခဲ့သည်။ ယင်းတချိန်တည်းတွင် ဒုတိယ သုံးလပတ်၏ အဆုံးပိုင်းတွင် ပစ္စည်းပေးသွင်းမှု ပြီးဆုံးရန် ကြာမြင့်ချိန်များမှာ ထပ်မံလျော့လာခဲ့လျက် ငွေကြေးဖောင်းပွမှု ဆိုင်ရာ ဖိအားပေးမှုများမှာမူ ရှေ့ဆက် အားပျော့လာခဲ့သည်။

သို့သော်လည်း ထုတ်လုပ်မှုနှင့် စက်မှုကဏ္ဍထဲက အရောင်းများ အခိုင်အမာ ဦးမော့နေသည့် တိုင်အောင် ထုတ်လုပ်ရေး ကုမ္ပဏီများသည် အလုပ်နေရာများကို မြှင့်တင်မရခဲ့သည်မှာ လေးလဆက်တိုက် ဖြစ်လာသည်။

အဓိကအကျဆုံး S&P Global အာဆီယံ ကုန်ထုတ်လုပ်မှု *ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း (PMI™)* ကို ဇွန်လတွင် ၅၁.၀ မှာ မှတ်တမ်းခဲ့ရာ မေလ၏ ၅၁.၁ ထက် နိမ့်ကျသွားသည်။ အဓိကအကျဆုံး အညွှန်းကိန်းသည် ယခုဆိုလျှင် နှစ်လဆက်တိုက် ကျဆင်းလာခဲ့ပြီး နောက်ဆုံး တန်ဖိုးက မတ်လမှစပြီး လုပ်ကိုင်မှု အခြေအနေများ အနည်းဆုံး တိုးတက်လာမှုကို အချက်ပြနေသည်။


ဒေတာကို နိုင်ငံအလိုက် ခွဲခြမ်းကြည့်လျှင် အာဆီယံထဲ အကျုံးဝင်ကြပြီး လေ့လာမှုထဲ ပါဝင်ကြသည့် ခုနစ်နိုင်ငံအနက် ငါးနိုင်ငံက ဇွန်လတွင် စီးပွားရေး အခြေအနေများ တိုးတက်လာကြောင်း အစီရင်ခံကြသည်။ ဦးမော့မှုကို ရှေ့ဆုံးမှ ဦးဆောင်နေသူမှာ ထိုင်းနိုင်ငံဖြစ်သည်။ တိုးထုတ်လုပ်မှု နှုန်းမှာ (PMI ၅၃.၂) ခိုင်မာနေသော်လည်း ဧပြီလ၏ စံချိန်တင်နှုန်းမှ ရှေ့ဆက် ကျဆင်းလာခဲ့ပြီး ဇွန်လတွင် တိုးထုတ်လုပ်မှု ပိုအားပျော့လာမှုကို အချက်ပြနေသည်။

စင်ကာပူ (၅၂.၇) နှင့် အင်ဒိုနီးရှား (၅၂.၅) နိုင်ငံများကို ကြည့်ပါက ၎င်းတို့တစ်ဝန်းက တိုးထုတ်လုပ်မှုမှာ အသင့်အတင့် ရှိခဲ့သည်။ သို့သော်လည်း ယင်းနှစ်နိုင်ငံစလုံးထဲက ထုတ်လုပ်မှု တိုးလာသည့် နှုန်းမှာမူ အရှိန်ရလာခဲ့လျက် ခုနစ်လနှင့် နှစ်လအတွင်းမှာ အသီးသီး အားကောင်းစွာ ဦးမော့လာမှုကို ညွှန်ပြနေသည်။ ထို့အပြင် ထိုနှစ်နိုင်ငံတို့ကသာလျှင် ဇွန်လတွင် ထုတ်လုပ်မှု ပိုအားကောင်းလာခြင်းကို မှတ်တမ်းတင်ခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစပြီး တွေ့မြင်ခဲ့ကြသည့် အတိုင်း ဖိလစ်ပိုင် ထုတ်လုပ်သူတို့သည် စက်မှုကဏ္ဍ၏ အခြေအနေများ ပိုကောင်းလာကြောင်းကို မှတ်တမ်း တင်ခဲ့ကြသည်။ သို့သော်လည်း ရာသီအလိုက် ချိန်ဆပေးထားသည့် အဓိကအညွှန်းကိန်း (၅၀.၉) မှာ လက်ရှိ အစဉ်ထဲတွင် ဒုတိယ အနိမ့်ဆုံးဖြစ်ပြီး ခြုံကြည့်လျှင် အသင့်အတင့် တိုးတက်မှုကို အချက်ပြနေသည်။

**S&P Global အာဆီယံ ထုတ်လုပ်မှု PMI**

ရာသီအလိုက် ညှိကိန်း >၅၀ =ယခင်လမှစပြီး ပိုကောင်းလာ




ရင်းမြစ်- S&P Global PMI

မြန်မာနိုင်ငံထဲက ထုတ်လုပ်ရေး ကုမ္ပဏီများသည်လည်း လုပ်ကိုင်မှု အခြေအနေများ မသိမသာ တိုးတက်မှုကို အစီရင်ခံကြသည်။ ဧပြီလရှိ စစ်တမ်း၏ စံချိန်တင် အမြင့်ဆုံးထက် များစွာမှ နိမ့်ကျသွားသော်လည်း အညွှန်းကိန်းကို ၅၀.၀ အထက်တွင် မှတ်တမ်းတင်ခဲ့ခြင်းမှာ နောက်ဆုံး သုံးနှစ်ကာလ အတွင်း လအများစုတွင် ကျဆင်းနေခဲ့သည့် စက်မှုကဏ္ဍအတွက် အပြုသဘော တိုးတက်မှု ဖြစ်ခဲ့သည်။

မလေးရှားနှင့် ဗီယက်နမ် နိုင်ငံများအတွက် အဓိကအကျဆုံး အညွှန်းကိန်းများသည် လုပ်ငန်း အခြေအနေများ ဆက်လက် ဆုတ်ယုတ်လာနေကြောင်းကို အချက်ပြနေပြီး ၎င်းတို့အသီးသီး အတွက် ဆယ်လမြောက် **နှင့်** လေးလမြောက် ဆက်တိုက်ကျဆင်းမှု ဖြစ်လာသည်။ မလေးရှား ထုတ်လုပ်သူတို့က ဇန်နဝါရီလမှစပြီး အမြန်ဆုံး (၄၇.၇) ဆုတ်ယုတ်မှုကို ပြသခဲ့ကြချိန်တွင် ဗီယက်နမ်နိုင်ငံ တစ်ဝန်းက ထုတ်လုပ်ရေး ကုမ္ပဏီများကမူ လွန်ခဲ့သည့်လတွင် ထုတ်လုပ်မှု တဟုန်ထိုး ကျဆင်းမှုကို အစီရင်ခံမှု နောက်မှာ နိမ့်ကျမှုအရှိန် (၄၆.၂) ပိုနှေးလာမှုကို ညွှန်ပြနေသည်။

အာဆီယံ ထုတ်လုပ်ရေး အခြေအနေများ ခြုံငုံပြီး တိုးတက်လာမှု အတွက် အော်ဒါအသစ်ရရှိမှုနှင့် ထုတ်လုပ်မှု နှစ်ရပ်စလုံး တိုးလာမှုမှာ အဓိကပံ့ပိုးမှုများ ဖြစ်ခဲ့ပါသည်။ အော်ဒါသစ်ရရှိမှုများ ပိုမြန်သည့်နှုန်းဖြင့် တိုးလာချိန်တွင် ထုတ်လုပ်မှု ပမာဏများသည် ၂၀၂၂ ဒီဇင်ဘာလမှစပြီး အားအပျော့ဆုံး အရှိန်ဖြင့် တိုးလာခဲ့ပါသည်။

ထုတ်လုပ်မှု ဦးမော့လာမှု အားပျော့လာခဲ့သည့်နှင့်အညီ ထုတ်လုပ်ရေး ကုမ္ပဏီများသည် ၎င်းတို့၏ ဝယ်ယူရေး လုပ်ငန်းများကို ငါးလအတွင်းမှာ အနှေးဆုံးနှုန်းဖြင့် တိုးမြှင့်ခဲ့ကြသည်။ လက်ကျန်စာရင်းများကိုကြည့်လျှင် ကုမ္ပဏီများသည် မိမိတို့၏ ကုန်ကြမ်း သိုလှောင်မှုကိုရော အချောတပိုင်း ကုန်ချော သိုလှောင်မှုများကိုပါ သုံးလဆက်တိုက် တိုးမြှင့်ခဲ့ကြသည်။ သို့သော်လည်း ထုတ်လုပ်မှုနောက်ပိုင်း လက်ကျန်စာရင်းများမှာမူ ဒုတိယမြောက်လ ဆက်တိုက် ကုန်ခမ်းလာခဲ့သော်လည်း ဒသမဂဏန်းမျှသာ ဖြစ်ခဲ့သည်။

အခြားနိုင်ငံများကို လေ့လာကြည့်မည် ဆိုလျှင် ထည့်ကုန်များအတွက် ပေးသွင်းမှု ပြီးဆုံးရန် ပျမ်းမျှကြာမြင့်ချိန်များသည် ဇွန်လတွင် လေးလဆက်တိုက် လျော့လာခဲ့ရာ

PMI™
by S&P Global

Copyright © 2023 S&P Global

# သတင်း ထုတ်ပြန်ချက်

ပစ္စည်းပေးသွင်းရေး ကွင်းဆက်များ၏ အခြေအနေ တိုးတက်လာသည့် လက္ခဏာများကို ဆက်မြင်တွေ့ရပါသည်။ ပစ္စည်းပေးသွင်းရန် ကြာမြင့်ချိန်များ တိုးတက်လာခဲ့သည့် နှုန်းမှာ ခြုံကြည့်လျှင် အသင့်အတင့်သာ ဖြစ်ခဲ့သော်လည်း သုံးနှစ်ခွဲကာလအတွင်းမှာ အထင်ရှားဆုံး ဖြစ်လာသည်။


ထို့အပြင် ပစ္စည်းပေးသွင်းမှု အခြေအနေများ တိုးတက်လာခြင်းက ဖွန်လတွင် ဈေးနှုန်းများ၏ ဖိအားပေးမှုများကို လျော့နည်းလာစေခဲ့သည်။ စရိတ်စကများ၏ ဝန်ထုပ်ဝန်ပိုးများ တိုးလာခဲ့သည့် နှုန်းမှာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစပြီး အနေးဆုံး ဖြစ်လာသည်။ သို့ဖြစ်သောကြောင့် ထုတ်လုပ်ရေး ကုမ္ပဏီများသည် မိမိတို့၏ ရောင်းဈေးများကို မြှင့်တင်ခဲ့ကြသည်မှာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် စတင်ခဲ့သည့် ရောင်းဈေးများ၏ ငွေကြေးဖောင်းပွမှု တိုးလာခဲ့သည့် လက်ရှိအစဉ်ထဲတွင် အားအပျော့ဆုံးနှုန်း ဖြစ်လာသည်။

တိုးတက်မှုနှုန်း အနည်းငယ် နှေးလာခဲ့သော်လည်း ခိုင်မာခဲ့ခြင်းက အာဆီယံနိုင်ငံများ တစ်ဝန်းရှိ ထုတ်လုပ်ရေး ကုမ္ပဏီများအကြားမှာ ယုံကြည်မှုကို ဖွန်လတွင် ပြန်လည် မြှင့်တင်ပေးခဲ့သည်။ အကောင်းမြင်မှု ပမာဏမှာ မေလ၏ ၃၄-လအတွင်း အနိမ့်ဆုံးမှ ပြန်အားကောင်းလာခဲ့သည်။ သို့သော်လည်း နောက်ဆုံး အညွှန်းကိန်းမှာ စစ်တမ်း သမိုင်း တလျှောက်တွင် မှတ်တမ်း တင်ထားသည့် ပျမ်းမျှထက် နိမ့်ကျနေပါသည်။

နောက်ဆုံး အချက်အဖြစ် ထောက်ပြရလျှင် စက်မှုကဏ္ဍ တစ်ရပ်လုံး စွမ်းဆောင်ရည်မှာ ခြုံကြည့်လျှင် အပြုသဘော ဆောင်ခဲ့သည့်တိုင်အောင် အာဆီယံ ထုတ်လုပ်ရေး ကုမ္ပဏီများသည် အလုပ်နေရာများ မြှင့်တင်မပေးနိုင်ခဲ့ကြသည်မှာ လေးလဆက်တိုက် ဖြစ်လာသည်။ အလုပ်နေရာများ ဖြတ်တောက်ခံရမှုမှာ အနည်းအကျဉ်းသာ ရှိနေခဲ့သော်လည်း ယခင် သုံးလအတွင်း မှတ်တမ်း တင်ခဲ့သည့် နှုန်းများနှင့် ဆင်တူ ဖြစ်ခဲ့သည်။

**ထုတ်လုပ်မှု PMI**

ရာသီအလိုက် ညှိကိန်း >၅၀ =ယခင်လ နောက်ပိုင်း တိုးတက်ခဲ့




ရင်းမြစ်- S&P Global PMI

အာဆီယံ ကုန်ထုတ်လုပ်မှု PMI ဒေတာကို သုံးသပ်လျက် S&P Global Market Intelligence မှ စီးပွားရေးပါရဂူ Maryam Baluch ပြောကြားသွားသည်မှာ-

*"အာဆီယံ ကုန်ထုတ်လုပ်ရေးကဏ္ဍဟာ ဖွန်လမှာ လုပ်ကိုင်မှု အခြေအနေတွေ ရှေ့ဆက် တိုးတက်လာတာကို တွေ့မြင်ခဲ့ကြပေမဲ့ တိုးထုတ်လုပ်မှု နှုန်းကျတော့ သုံးလပတ် အစပိုင်းမှာ မြင်ခဲ့ရတာထက် သိသာစွာ အားပျော့လာခဲ့ပါတယ်။*

*"အော်ဒါအသစ် ရရှိမှုနဲ့ ထုတ်လုပ်မှု အခိုင်အမာ တိုးလာခြင်းက ကုမ္ပဏီတွေကို ၎င်းတို့ရဲ့ ဝယ်ယူရေး လုပ်ငန်းတွေကို မြှင့်တင်လာစေခဲ့ပါတယ်။ ဒ့ါအပြင် ပစ္စည်းပေးသွင်းရေး ကွင်းဆက်များ တိုးတက်လာခဲ့တဲ့ အတွက် ငွေကြေးဖောင်းပွမှု ဖိအားပေးမှု အားပျော့လာနေကြောင်း လက္ခဏာတွေကို ရှေ့ဆက် တွေ့မြင်နိုင်ပါတယ်။*

*"အဲဒီလို ပြောလိုက်ရပေမဲ့ နောက်ဆုံး ဒေတာက ကုန်ထုတ်လုပ်ရေး အလုပ်နေရာများ ရှေ့ဆက် ကျဆင်းလာမှုကို အချက်ပြနေကာ လေးလဆက်တိုက် ကျဆင်းမှု ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ကျန် အလုပ်စာရင်းများ ရှေ့ဆက် တိုးလာမှုက ကုန်ထုတ်စွမ်းအားဆိုင်ရာ ဖိအားပေးမှုများ တိုးလာနေခြင်းကြောင့် ကုမ္ပဏီတွေကို လာမယ့်လတွေအတွင်းမှာ အလုပ်နေရာတွေကို တိုးချဲ့ဖို့ စေ့ဆော်ပေးလာမှာကို ညွှန်ပြနေပါတယ်။*

*"အနာဂတ်ဆီကို ကြည့်ရင် အာဆီယံ ဒေသဟာ ကိုဗစ်အလွန် လုပ်ငန်းများ တိုးတက်လာမှု အားပျော့လာနေတဲ့ တိုင်အောင် အခြေအနေ ဆက်လက်ပြီး အတော်ကလေး ကောင်းနေပါတယ်။ ဒါပေမဲ့ နိုင်ငံတကာ စီးပွားရေး အခြေအနေများ မရေမရာ ဖြစ်နေပြီး တစ်ကမ္ဘာလုံးမှာ အခြေခံအကျဆုံး အတိုးနှုန်းတွေကို တိုးမြှင့်ပေးနေကြရတဲ့အတွက် ရှေ့မှာစိန်ခေါ်မှုများ ရင်ဆိုင်ရမယ့် လမ်းကို ချီတက်ရဖို့ ရှိနေပါတယ်။"*

-ပြီးဆုံး-

PMI™ by S&P Global

Copyright © 2023 S&P Global

# သတင်း ထုတ်ပြန်ချက်

## ဆက်သွယ်ရန်


**S&P Global Market Intelligence**
Maryam Baluch
စီးပွားရေးပါရဂူ
Telephone: +44-12-4432-7213
Email: maryam.baluch@spglobal.com

**S&P Global Market Intelligence**
SungHa Park
Corporate Communications
Telephone: +82 2 6001 3128
Email: sungha.park@spglobal.com


## တွက်ချက်နည်း

S&P Global အာဆီယံ ထုတ်လုပ်မှု PMI™ ကို အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံများမှ ထုတ်လုပ်သူ ၂,၁၀၀ ခန့်ပါဝင်သည့် အဖွဲ့များမှ ထည့်ကုန်ဝယ်ယူရေး မန်နေဂျာများထံ ပို့ပေးခဲ့သည့် မေးခွန်းလွှာများအတွက် ရရှိသည့် ဖြေကြားချက်များအပေါ်အခြေခံပြီး S&P Global မှ တွက်ချက်ပါသည်။ ယင်းနိုင်ငံများသည် အာဆီယံ ထုတ်လုပ်သူများ၏ ထပ်တိုး တန်ဖိုး ၉၈% ကို ထုတ်လုပ်ပေးကြပါသည်*။ မေးမြန်းရန် ရွေးချယ်ခံရသူများကို GDP အား ထောက်ပံ့မှုအပေါ် အခြေခံပြီး အသေးစိတ်ကဏ္ဍနှင့် ကုမ္ပဏီလုပ်သားအင်အား ပမာဏ အမျိုးမျိုး ပါဝင်အောင် ရွေးခဲ့ပါသည်။

စစ်တမ်းအတွက် ဖြေကြားချက်များကို လစဉ် ဒုတိယ လဝက်ပိုင်းမှာ ကောက်ခံခြင်းဖြစ်ပြီး ယခင်လနှင့်နှိုင်းယှဉ်ပြီးပြောင်းလဲမှုကို ညွှန်ပြပါသည်။ နိုင်ငံအဆင့်စစ်တမ်း၏ ကိန်းရှင်တိုင်းအတွက် ပျံ့နှံ့မှု အညွှန်းကို တွက်ချက်ပါသည်။ အညွှန်းမှာ 'ပိုမြင့်လာမှု' ဖြေကြားချက်များ၏ ရာခိုင်နှုန်းနှင့် 'မပြောင်းလဲ'ဟု ဖြေခဲ့ကြသူတို့၏ ရာခိုင်နှုန်း တစ်ဝက်ကို စုပေါင်းမှု ဖြစ်ပါသည်။ အညွှန်းများမှာ ၀ နှင့် ၁၀၀ အကြား ရှိနိုင်ပြီး ၅၀ အထက်တွင် ရှိနေပါက ခြုံပြောရလျှင် ယခင်လထက် တိုးတက်မှုကို ပြပြီး၊ ၅၀ အောက် ဆိုပါက ခြုံကြည့်လျှင် ကျဆင်းမှုကို ညွှန်ပြပါသည်။ ယင်းနောက်မှာ အညွှန်းများကို ရာသီအလိုက် ညှိပေးရပါသည်။ အာဆီယံ အညွှန်းများကို တစ်နိုင်ငံစီ၏ အညွှန်းများအား ချိန်ဆလျက် စုပေါင်း တွက်ယူပါသည်။ နိုင်ငံများအလိုက် ချိန်ဆမှုကို နှစ်စဉ် ထုတ်လုပ်မှု ထပ်တိုးတန်ဖိုးမှ တွက်ယူပါသည်*။

အဓိကအကျဆုံး ကိန်းဂဏန်းမှာ ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်း Purchasing Managers' Index™ (PMI) ဖြစ်ပါသည်။ PMI မှာ အောက်ပါ အညွှန်း ငါးခုတို့၏ ချိန်ဆတွက်ထားသည့် ပျမ်းမျှဂဏန်း ဖြစ်သည်- အော်ဒါသစ်များ (၃၀%)၊ ထုတ်လုပ်မှု (၂၅%)၊ အလုပ်နေရာ (၂၀%)၊ ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ (၁၅%) နှင့် သိုလှောင်ထားသည့် ထည့်ကုန်များ (၁၀%)။ PMI ကို တွက်ချက်နိုင်ရန် ပစ္စည်းပေးသွင်းသူတို့၏ ပေးသွင်းမှု ကြာမြင့်ချိန်များ အညွှန်းကို အခြား အညွှန်းများနှင့် ယှဉ်ရနိုင်အောင် ဦးတည်ချက်ကို ပြောင်းပေးထားပါသည်။

ကောက်ယူထားသည့် စစ်တမ်း ဒေတာကို ထုတ်ပြန်မှု နောက်ပိုင်းတွင် ပြန်လည်ပြင်ဆင်ခြင်း မရှိသော်လည်း ရာသီအလိုက် ညှိပေးရမည့် အချက်များကိုမူ အချိန်အခါအလိုက် ညှိပေးနိုင်သောကြောင့် ရာသီအလိုက်ညှိထားသည့် စစ်တမ်းဒေတာများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

PMI စစ်တမ်းအား တွက်ချက်နည်းဆိုင်ရာ နောက်ထပ် အချက်အလက်များအတွက် ကျေးဇူးပြုပြီး economics@ihsmarkit.com သို့ ဆက်သွယ်ပါ။

*ရင်းမြစ်- ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းများ။

### S&P Global (NYSE: SPGI)

S&P Global သည် အရေးပါသည့် အချက်အလက်များကိုပေးပါသည်။ အစိုးရများ၊ စီးပွားရေး လုပ်ငန်းများ နှင့် လိုအပ်သူများအတွက် ကျွန်ုပ်တို့သည် မှန်ကန်သည့် ဒေတာ၊ ကျွမ်းကျင်မှုများ နှင့် ဆက်စပ် နည်းပညာကို တပ်ဆင်ပေးလျက် ယုံကြည်စိတ်ချရသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ထောက်ကူပေးပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲသူတို့အား ရင်းနှီးမြှုပ်နှံမှုအသစ်များကို စိစစ်တန်ဖိုးဖြတ်နိုင်ရန် ကူညီပေးမှုမှအစ ESG နှင့် ပစ္စည်းပေးသွင်းရေး ကွင်းဆက်များတစ်ဝန်းမှာ စွမ်းအင်ကို ပုံစံပြောင်းပေးရာတွင် ၎င်းတို့အား လမ်းညွှန်ပေးခြင်းဖြင့် ကျွန်ုပ်တို့သည် အခွင့်အလမ်းသစ်များကို ဖွင့်ထုတ်ပေးရင်း စိန်ခေါ်မှုများကို ဖြေရှင်းလျက် ကမ္ဘာကြီးအတွက် တိုးတက်မှုအရှိန်ကို တိုးမြှင့်ပေးကြပါသည်။

နိုင်ငံတကာ အရင်းအနှီး၊ ကုန်စည်နှင့် မော်တော်ယာဉ် ဈေးကွက်များတွင် ယုံကြည်စိတ်ချရမှု အဆင့်သတ်မှတ်ချက်များ၊ စံညွှန်းများ၊ ဆန်းစစ်လေ့လာမှုများနှင့် လုပ်ငန်းစီးဆင်းမှုဆိုင်ရာ ဖြေရှင်းနည်းများအတွက် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်း အများအပြားတို့က ကျွန်ုပ်တို့အား ရှာဖွေ ချဉ်းကပ်ကြရပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ကမ်းလှမ်းချက်တိုင်းဖြင့် ကမ္ဘာ့ထိပ်သီး အဖွဲ့အစည်းများအား အနာဂတ်အတွက်၊ ပစ္စုပ္ပန်အတွက် စီမံရေးဆွဲနိုင်ရန် ထောက်ကူပေးကြပါသည်။


S&P Global သည် S&P Global Ltd. နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများ၏ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ် ဖြစ်သည်။ အခြားသော ကုမ္ပဏီ နှင့် ထုတ်ကုန်အမည်များမှာ သက်ဆိုင်ရာ ပိုင်ဆိုင်သူများ၏ ကုန်အမှတ်တံဆိပ်များ ဖြစ်ပါသည်။ © 2023 S&P Global Ltd. မူပိုင်ခွင့်များ ထိန်းချုပ်ထားသည်။ www.spglobal.com


## PMI အကြောင်း

ထည့်ကုန်ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်း (PMI™) စစ်တမ်းများကို ယခုအခါ နိုင်ငံပေါင်း ၄၀ ကျော်အပြင် ယူရိုဇုန်အတွင်းရှိ အထင်ကရ ဒေသများအတွက်ပါ ထုတ်ပြန်ပေးနေပါသည်။ ၎င်းတို့မှာ ကမ္ဘာပေါ်တွင် အနီးကပ်ဆုံး စောင့်ကြည့်လေ့လာလျက်ရှိသည့် လုပ်ငန်းဆိုင်ရာ စစ်တမ်းများ ဖြစ်ကြပြီး ၎င်းတို့၏ စီးပွားရေးအတွက် ထူးခြားသည့် အလားအလာများဆိုင်ရာ လစဉ် အညွှန်းများကို နောက်ဆုံး အချက်အလက်များနှင့်အညီ တိကျစွာ ညွှန်ပြပေးနိုင်စွမ်းကြောင့် ဗဟိုဘဏ်များ၊ ဘဏ္ဍာရေး ဈေးကွက်များနှင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ပေးကြသူတို့ အားကိုးကြရပါသည်။ နောက်ထပ် လေ့လာလိုပါက ihsmarkit.com/products/pmi.html သို့ ဝင်ရောက်ကြည့်ရှုပါ။

S&P Global ၏သတင်းထုတ်ပြန်ချက်များကို ရယူရန်မလိုလားပါက ကျေးဇူးပြု၍ joanna.vickers@ihsmarkit.com သို့ ဆက်သွယ်ပါ။ ကျွန်ုပ်တို့၏ သီးသန့်မူဝါဒကို ဖတ်ကြားရန် ဤနေရာတွင် နှိပ်လိုက်ပါ။


ဤနေရာတွင် ဖော်ပြထားသည့် ဒေတာ၏ ဉာဏပစ္စည်း ပိုင်ဆိုင်မှု မူပိုင်ခွင့်များကို S&P Global နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများမှ ပိုင်ဆိုင်သည် သို့မဟုတ် လိုင်စင်ရထားသည်။ S&P Global ထံမှ ကြိုတင် ခွင့်ပြုချက် မရယူဘဲ ဖော်ပြထားသည့် ဒေတာကို မိတ္တူကူးခြင်း၊ ဖြန့်ချီခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အပါအဝင် ၎င်းတို့ဖြင့်သာ ကန့်သတ်မထားဘဲ ခွင့်ပြုချက်မဲ့ အသုံးပြုမှု မှန်သမျှကို တားမြစ်သည်။ ဤနေရာတွင် ပါရှိသည့် အကြောင်းအရာ သို့မဟုတ် အချက်အလက်များ ("ဒေတာ") အတွက် ဒေတာထဲက အမှားများ၊ မတိကျမှုများ၊ ချန်လုပ်မှုများ သို့မဟုတ် ကြန့်ကြာမှုများ အတွက် ၎င်းတို့နှင့် ဆက်စပ်ပြီး လုပ်ဆောင်ချက် တစ်ခုခုအတွက် S&P Global ဘက်မှ မည်သို့မှ တာဝန်ခံမှု၊ တာဝန်ယူမှု သို့မဟုတ် ကတိပေးမှုမရှိပါ။ ဒေတာကို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အထူး၊ တိုက်ဆိုင်လျက် သို့မဟုတ် အကျိုးဆက်အဖြစ် နစ်နာမှုများအတွက် မည်သည့်နည်းနှင့်မျှ S&P Global က တာဝန်မယူနိုင်ပါ။ Purchasing Managers' Index™ နှင့် PMI™ မှာ Markit Economics Limited ၏ မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ် ဖြစ်သည် သို့မဟုတ် Markit Economics Limited နှင့်/သို့မဟုတ် ၎င်း၏ လုပ်ငန်းခွဲများအား လိုင်စင်ပေးထားသည်။

ဤအကြောင်းအရာကို ထုတ်ပြန်ခဲ့သည်မှာ S&P Global Market Intelligence ဖြစ်ပြီး S&P Global မှ စီမံခန့်ခွဲပေးသည့် S&P Global Ratings မဟုတ်ပါ။ မည်သည့် အချက်အလက်၊ ဒေတာ သို့မဟုတ် ဖော်ပြချက်၊ အဆင့်သတ်မှတ်ချက်များ ("အကြောင်းအရာ")အား တစ်နည်းနည်းဖြင့် ကူးယူဖော်ပြမှုကို သက်ဆိုင်သူထံမှ ကြိုတင်ပြီး စာရေးခွင့်ပြုထားခြင်းမှအပ တားမြစ်သည်။ ယင်းကဲ့သို့သော အဖွဲ့အစည်း၊ ၎င်းတို့၏ အဖွဲ့ခွဲများနှင့် ပစ္စည်းပေးသွင်းသူများ ("အကြောင်းအရာကို စီမံပေးသူများ")က မည်သည့် အကြောင်းအရာ၏ တိကျမှု၊ မှန်ကန်မှု၊ ပြည့်စုံမှု၊ အချိန်နှင့်ကိုက်ညီမှု သို့မဟုတ် ရရှိနိုင်မှုကို အာမမခံနိုင်ဘဲ မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ (ပေါ့ဆလျက် သို့မဟုတ် အခြားအကြောင်းကြောင့် ဖြစ်စေ) အမှား သို့မဟုတ် ချန်လုပ်ခဲ့မှု တစ်ခုခုအတွက် သို့မဟုတ် ထိုအကြောင်းအရာကို အသုံးပြုမှုမှ ပေါ်ထွန်းလာသည့် ရလဒ်များ အတွက် တာဝန်မယူနိုင်ပါ။ မည်သည့် အခြေအနေမျိုးတွင်မှ အကြောင်းအရာကို အသုံးပြုမှုနှင့် ဆက်စပ်ပြီး မည်သည့် နစ်နာမှုများ၊ ကုန်ကျမှုများ၊ စရိတ်စကများ၊ တရားဝင် အခကြေးများ သို့မဟုတ် ဆုံးရှုံးမှုများ (ဝင်ငွေ ဆုံးရှုံးမှုများ သို့မဟုတ် အမြတ်အစွန်း ဆုံးရှုံးမှုများ နှင့် အခွင့်အလမ်း ဆိုင်ရာ ကုန်ကျမှုများ အပါအဝင်) အတွက် အကြောင်းအရာကို စီမံပေးသူတို့သည် တာဝန်မရှိနိုင်ပါ။





Copyright © 2023 S&P Global